www.burmeseclassic.com

# ချစ်သက်လှယ်

BURMESE CLASSIC .com

ပါမောက္ခ ဦးဖေမောင်

သာယာညင်းပျောင်း ကြိုးကလေးကို ဘယ်ညာလောင်း၍ တို့ထိလိုက်သော တယောသံသည် လမင်း၏ အရောင်ဖြင့် ထိန်လင်းဝင်းပသော ည ၁၁ နာရီအချိန်တွင် ဆိတ်ငြိမ်ခြင်းကို ထွင်းဖောက်သွားလေ၏။ ခေတ္တမျှကြာသော် သာယာသော အသံကလေးသည် ရုတ်တရက် ရပ်စဲသွား၏။ အဘယ်အကြောင်းကြောင့်လေနည်း။ နောက်ထပ် ကြားရလိမ့်မည်လောဟု နားကိုပင် စွင့်မိ၏။ ဆိတ်ငြိမ်ခြင်းသည် တိုးတက်ဖိစီးလာသည်ဟု ထင်ရတော့၏။ တစ်ခဏကြာလျှင် ထိုအသံကလေးသည် ယခင်ကထက်ပင် တိုး၍ကြည်လင်ချိုသာစွာ တစ်ဖန်ပေါ်လာပြန်၏။ တယော ထိုးသူသည် စိတ်ပါလာဟန်တူ၏။ စမ်းသပ်လိုက်သော တယောသံကလေးမှာ ကန့်ကလျ ချိုသာအေးမြလှပေ၏။ သီချင်းတစ်ပုဒ်ကို စ အံ့သကဲ့သို့ အသံကို ချွဲချွဲပျစ်ပျစ် စမ်းသပ်နေရာမှ တေးခံလိုက်သည်နှင့် တစ်ပြိုင်နက် စည်းသံကလေးကို ညင်သာစွာ ကြားရ၏။ များမကြာမီ 'ချစ်သမျှကို...' ဟု အသံကို ပျော့ပျော့ပျောင်းပျောင်း ဆွဲငင်မြှင့်တင်လိုက်ပြီး 'မြင်းမိုရ်ရွှေတောင်လုံး သာပလေ...' ဟု ဖြည်းဖြည်းညင်းညင်း လေကိုသိမ်းယူကာ ကျူးရင့်သီဆိုလိုက်သော ပတ်ပျိုးသီချင်းသံသည် တယောသံနှင့် လိုက်လျောစွာ ထွက်ပေါ်လာလေ၏။ သီချင်းသံသည် ကြည်လင် အေးမြ၍ နားဝင်ပီယံဖြစ်ဖွယ်ကောင်းလှ၏။ အူအသည်း နှလုံးကြားမှ ဖြတ်သန်းထွက်ပေါ်လာဟန်တူ၏။ ပန်းလိပ်ပြာကလေးများ လေဟုန်ကိုစီးနင်း၍ ဖြည်းညင်းစွာ မြူးထူးပျံသန်းလာဘိသကဲ့သို့ ငြိမ့်ငြိမ့်ညောင်းညောင်း နူးညံ့နှဲ့ပျောင်းသော အသံတို့မှာ လေယဉ်ကိုစီး၍ နားအကြည်ဓာတ်ကို တိုးကာဝေ့ကာ အသည်းဘဝင်သို့ ချဉ်းနင်းဝင်ရောက်ကုန်လျက် စိတ်ကို ယူဆောင်သွားသည်ဟု ထင်ရပေ၏။ ကမ္ဘာလောကဓာတ်ကြီးကိုပင် မေ့ပျောက်၍ စွဲလန်းမိပေတော့သည်။ ထိုနာပျော်ဖွယ်ကောင်းလှသော အသံထွက်ပေါ်ရာသို့ သွားရောက်ပါမူ ဆရာဝန်ကိုမြင့်ဆွေသည် အနီးတွင် စည်းကလေးကို တီးကာနေသော ဇနီးသည် မတင်နွယ်၏ ပြုံးစနဲ့နဲ့ ချစ်ခင်စဖွယ် ကျက်သရေပြည့်ဖြိုးသည့် မျက်နှာကလေးကို တစိမ့်စိမ့်ရှုရင်း တယောသံကို တငြိမ့်ငြိမ့် ဖန်တီးပြုစုလိုက်ခြင်း ဖြစ်လေသည်။

ကိုမြင့်ဆွေသည် မတင်နွယ်ကို အလွန့်အလွန် ချစ်ခင်ကြင်နာ၏။ မိန်းမသားမို့ အသနားပို၏။ မိမိမှာ မိဘနှမသားချင်း ညီအစ်ကို မရှိတော့၍ မတင်နွယ်အား အမျိုးမျိုးအဖုံဖုံ မေတ္တာထား၏။ မတင်နွယ်ကလည်း ကိုမြင့်ဆွေကို အသက်နှင့်မခြား ချစ်ခင်၏။ ယောကျ်ားမို့ အားကိုးအားထားပြုခြင်း၌ ပို၏။ 'ဗြဟ္မာ့အောင်သံ၊ ရေသွန်းခံ၍၊ ရှင်စံကြည်ညို၊ တူနှစ်ကိုယ်' ဆိုသလို တူစုံတွဲလျက် လက်ထပ်ပွဲကို ဆင်နွှဲကာလာခဲ့သည်မှစ၍ တစ်ဦးနှင့်တစ်ဦး အထူးယုံကြည်ကိုးစားကြလေ၏။ မတင်နွယ်မှာ ပြည်မြို့သူ၊ ကိုမြင့်ဆွေမှာ ပုသိမ်သား၊ သမီးရည်းစားဘဝမှ ကံဆုံ၍ ညားကြကာ ကျောင်းကုန်းမြို့ကလေးတွင် လာရောက်ကာ ဆေးဆိုင်တည်ပြီး ကုသနေခြင်းပင်ဖြစ်သည်။ ယင်းမြို့ကလေးသို့ ရောက်သည်မှာ မကြာသေးသော်လည်း

www.burmeseclassic.com



ကိုမြင့်ဆွေ၏ တည်ကြည်သော မနော၊ ချိုသာသော နှုတ်ပြောတို့ကြောင့် ခင်မင်သူပေါများ၏။ ထိုညတွင် မိမိပြုစုကုသသော လူနာတစ်ယောက်သည် သေမင်းလက်သို့ မပါတော့ပြီ၊ မိမိဘက်သို့သာ ပါတော့မည်ကို ဒိဋ္ဌသိရှိကာ အိမ်သို့ ပြန်ရောက်လာ၏။ ထိုအကြောင်းကို ဇနီးသည်နှင့် အားပါးတရ ပြောဆိုနေရင်း ဝေဒနာရှင်များကို သာယာချောင်စွာ မတင်နွယ် ညွှန်ခဲ့ပုံ၊ မိမိနှင့် အစစအရာရာ စိတ်သဘောထားချင်း တူညီပုံတို့ကို တွေးတောသတိရမိ၏။ တစ်နေ့နေ့တွင် ရန်ကုန်မြို့ကြီး၌ ကောင်းမွန်တင့်တယ်သော အိမ်နှင့်ခြံတစ်ခုကို ဝယ်ယူကာ မတင်နွယ်ကလေးအား အေးအေးလူလူထားမည်ဟူသော စေတနာသည် ခါတိုင်းထက် ပေါ်လွင်လာ၏။ သို့ကြောင့် မိမိအချစ်သည် 'ချစ်သမျှကို' ပတ်ပျိုးသီချင်းတွင် ပါဝင်သည့်အချစ်မျိုးနှင့် တူလှပါပေတကားဟု စွဲမြဲအောက်မေ့သည့်အတိုင်း ရံဖန်ရံခါ ဆိုလေ့ရှိသော 'ချစ်သမျှကို' ပတ်ပျိုးကို စိတ်ရောကိုယ်ပါ သီဆိုကာ တယောကလေးကို ထိုးလိုက်ခြင်း ဖြစ်လေသည်။ တယောသံသည် နူးနူးညံ့ညံ့ ကန့်ကလျ ရှိလှ၏။ သီဆိုသော သီချင်းသံသည် ကြည်လင်အေးမြဘဝင်ဟဒယသို့ပင် တစိမ့်စိမ့် ဝင်ပေ၏။ မတင်နွယ်မှာမူ ချစ်သူယောကျ်ားသည်ဘက်သို့ ခေါင်းကလေးကိုငဲ့ကာ ပြုံးမလိုလိုကြည့်ရင်း စည်းကို ညင်သာစွာ အချက်ကျလိုက်လေ၏။ မတိုမရှည် ချထားသော ဆံမြိတ်ဘက်တွင် တစ်ပွင့်တည်း ပန်ထားသော ပန်းကလေးနှင့် မတင်နွယ်ပနံရပုံတို့ကို ကိုမြင့်ဆွေသည် စူးစိုက်ကာ ကြည့်နေဘိ၏။ သို့နှင့် 'ချစ်သမျှကို' ပတ်ပျိုးသီချင်းမှာ အစမှ အလယ်သို့ပင် ရောက်ခဲ့၏။ အသံသည် တစ်စထက်တစ် ကြည်နူးလာ၏။ 'တူပြိုင်ဝှလိုဏ် စကားသစ္စာတိုင်၊ သံသာလေကမ်းတိုင်၊ တူပြိုင်လေ ကူးမယ်၊ ဆုထူးငယ် ပန်ရှုယ်သွန်း။ ။ ချစ်လို့ငယ် မကုန်၊ ဝသုန်ဤမြေ၊ သိကြားစေ သက်သေညွှန်း' ဟူသော အပိုဒ်သို့ ရောက်သောအခါမှ ကိုမြင့်ဆွေ၏ အသံထဲ၌ ခံစားချက်တစ်မျိုး ပါလာ၏။ လွမ်းရမလို၊ ဆွေးရမလို၊ ကြည်နူးရတော့မလို ဖြစ်၏။ မတင်နွယ်မှာလည်း ရင်ထဲတွင် ဖိုသွားတော့၏။ စည်းကိုပင် မလိုက်နိုင်တော့ချေ။ ကိုမြင့်ဆွေသည် တဖြည်းဖြည်း တယောကို မှုန်းမှုန်းဆွဲပြီး အဆုံးသတ်လိုက်ကာ "တင်... ညဉ့်နက်လို့ အိပ်ချင်ပြီ ထင်ပါရဲ့၊ နေကောင်းရဲ့လား တင်"ဟု မေးလိုက်လျှင် "မအိပ်ချင်သေးပါဘူး ကိုကိုမြင့်ရဲ့၊ နေကောင်းပါတယ်။ ခုနက တူပြိုင်ဝှလိုဏ် ဆိုတဲ့ အပိုဒ်ရဲ့အဓိပ္ပာယ်ဟာ ဘယ်လို ရသလဲ" ဟု သာယာစွာ ပြန်ကြား၏။ ကိုမြင့်ဆွေသည် မတင်နွယ်သိလျက်နှင့် မေးသည်ကို ရိပ်မိ၏။ သို့သော် ပြောချင်လှတော့၏။ သို့ဖြစ်၍ သံသရာသည် ပင်လယ်ရေယဉ်နှင့်တူကြောင်း၊ စိတ်တူသဘောတူ ချစ်ခင်သူကို အဖော်ပြုကာ ကူးရလျှင် မြန်မြန်ကြီး လွန်မြောက်မည်ထင်ကြောင်းတို့ကို အကျယ်တဝင့် ချဲ့ထွင်၍ အားရပါးရ ပြော၏။ မတင်နွယ်မှာမူကား နားကလေးစွင့်ကာ ဆံမြိတ်ကလေး တခါခါနှင့် နားထောင်နေ၏။

ဤသို့နှင့်ပင် 'ချစ်တုန်းခင်တုန်း တပြုံးပြုံး'နှင့် အပျော်စခန်းတို့ကို ခင်းကျင်းလာခဲ့သည်မှာ ရှစ်ရပ်ခွင် ရစ်ဝိုင်း၍ မိုးသားများ ဆိုင်းဆို့သောအချိန်၊ မြူမင်းလွင် ဖွဲ့၍ နှင်းကလေးများတွဲ့သော အချိန်တို့သည် လွန်မြောက်ခဲ့၍ ဥသြငှက်ပင် အထူးတလည် တွန်ကျူးမြူးပျော်နေလေပြီ။ ကိုမြင့်ဆွေတို့ အကြောင်းမှုခဲ့သည်မှာ သုံးနှစ်မျှလောက်ထင်ခဲ့မိသော်လည်း ယခုမှာမူ တစ်နှစ်သည် ဘာမျှမကြာ၊ ကုန်လွယ်လွန်းလှသည်ဟုပင် အောက်မေ့၏။ တပေါင်းလပြည့်နေ့ ရောက်သည်နှင့် ကျောင်းကုန်းမြို့ကလေးတွင် ပွဲလမ်းသဘင်များပြုလုပ်၍ မြို့သူမြို့သားများမှာ သွားကြ၊ လာကြ၊ ပျော်ကြ၊ ပါးကြ၏။ သုံးရက်မျှကြာသော် ပုလိပ်ကပ်ရောဂါသည် ရုတ်တရက်ပေါ်ပေါက်၍ တစ်ယောက်စနှစ်ယောက်စ ပျက်စီးကြ၏။ ယခင်က ပျော်သံပါးသံတို့ဖြင့် ဆူညံ၍နေသော မြို့ကလေးမှာ အလွန်တိတ်ဆိတ်ဘိ၏။ နေဝင်လျှင် အိမ်တံခါးပိတ်ကာ လမ်းသွားလမ်းလာမျှပင် မရှိတော့ချေ။ ကိုမြင့်ဆွေသည် မတင်နွယ် ကြောက်မည်စိုး၍ အိမ်ဖော်တပည့် ဖိုးမင်းကို အိမ်တွင်ထားခဲ့ပြီး အချိန်မတော် တစ်အိမ်တက်ဆင်း ကုသရ၏။ အချို့သက်သာလာကြသည်။ အချို့မသက်သာကြပေ။ မသက်သာသူတို့အတွက် ပိုမိုဂရုစိုက်ရတော့သည်။ ၅ ရက်မျှကြာလတ်သော် ဝမ်းကိုက်သော ဝေဒနာသည် ကိုမြင့်ဆွေအားကပ်ရောက်ခဲ့ချေပြီ။ 'အရေးထဲမှ အရာပေါ်လေခြင်း'ဟု ညည်းတွားအောက်မေ့၏။ မိမိဆေးကို မိမိဖော်စပ်စားသုံးကာ လူနာများကို ကြည့်ရှုရတော့၏။ ဝေဒနာသည် တဖြည်းဖြည်း ဖိစီးသဖြင့် တစ်နေ့ထက်တစ်နေ့ ထမင်းစားနည်းလာ၏။ "လူနာတွေ ကိစ္စများလို့ နောက်များမှ

www.burmeseclassic.com



ထမင်းကို ဝဝကြီးစားရမယ်” ဟု ဇနီးသည်အား မိမိခံစားနေရသော ဝေဒနာကို မသိစေလို၍ ပြုံးလျက်ပြောဆို၏။ သို့ပြုံးခြင်းသည် မချိပြုံး ပြုံးခြင်းပင် ဖြစ်တော့သည်။ တစ်နေ့သော် မတင်နွယ်ကို အနီးသို့ခေါ်၍ ကျောင်းကုန်းမြို့တွင် ကပ်ရောဂါမပျောက်သေးသဖြင့် ပြည်မြို့ မိဘရပ်ထံသို့ မတင်နွယ် ပြန်နေလျှင် ကောင်းမည်ထင်ကြောင်းတို့ကို ဖျောင်းဖျောင်းဖျဖျ ပြောဆို၏။ မတင်နွယ်ကား ကိုမြင့်ဆွေနှင့် ခွဲခွာ၍ မသွားလို။ ငြင်းဆန်လျက်သာ ရှိတော့၏။ နောက်မတင်နွယ်တို့ မိဘထံမှ သမီးဖြစ်သူအား တွေ့လိုသဖြင့် ခေတ္တလာစေလိုကြောင်း သံကြိုးရောက်လာ၏။ ကိုမြင့်ဆွေသည် မတင်နွယ်အား မိဘများ မှာထားသည့်အတိုင်း သွားဖို့ရန် တိုက်တွန်း၏။ မိမိမှာမူကား လူနာများ ကောင်းစွာသက်သာလာသည်နှင့် တစ်ပြိုင်နက် ပြည်မြို့သို့လာ၍ မတင်နွယ်ကို ခေါ်မည့်အကြောင်း ပြောပြလေတော့၏။

မတင်နွယ် ထွက်ခွာသွားပြီးနောက် နှစ်ရက်တိုင်တိုင် လူနာများကို လိုက်လံကြည့်ရှု ကြိုးစား၍ကုသလျက် ရှိတော့၏။ ထိုနောက်မှာမူ မိမိဝေဒနာသည် ပြင်းထန်လာရကား အိပ်ရာတွင်း၌ လဲလျောင်းကာသာ နေရ၏။ လူနာရှင်များအား မှန်မှန်ဆေးဖော်စပ်ပေးရန် တပည့်ဖိုးမင်းကို အိပ်ရာထဲမှပင် နည်းလမ်းညွှန်ကြား၏။ မိမိလည်း အင်္ဂလိပ်–မြန်မာဆေးများကို စားသုံး၏။ ခံစားရသည့် ဝေဒနာမှာ မသက်သာ။ တစ်ခါတစ်ခါ မချိအောင် ဖြစ်လာ၏။ တစ်ညတွင် စာရေးစက္ကူကို ဖိုးမင်းအား ယူစေ၍ စာတစ်စောင် ရေးသားလျက် စာအိတ်ပေါ်တွင် ‘မတင်နွယ်’ ဟု ရေးပြီး စားပွဲခုံအံဆွဲတွင် ကောင်းစွာသိမ်းထားခိုင်း၏။ “ဖိုးမင်းရေ တပည့်ရဲ့၊ ဒီစာကို မပျောက်ပါစေနဲ့ကွယ်။ ဆရာကို မင်း ပြုစုရတာနဲ့ မင်းလည်း အိပ်ပျက်လှပြီ။ ကျေးဇူးတင်ပါတယ်ကွယ် တပည့်ရယ်။ ကိုင်း ကိုင်း သွားအိပ်ချေ၊ အိပ်ချေ။ သိပ်ပြီး အိပ်ပျက်မခံပါနဲ့ကွယ်။ ဆရာ သက်သာလာပါပြီ” ဟု ကြင်နာစွာကြည့်၍ ပြော၏။ ရက်သတ္တတစ်ပတ်မြောက်သောနေ့တွင်ကား ၇ နာရီခွဲသော်လည်း ကိုမြင့်ဆွေတို့ အိမ်တံခါးသည် မပွင့်သေးချေ။ ခါတိုင်း ၆ နာရီထိုးလျှင် တံခါးဖွင့်၍ ဆေးပေးနေကျပင် ဖြစ်၏။ ဆေးယူသူတို့သည် အိမ်ရှေ့တွင်စောင့်လျက် ရှိကြ၏။ “ဖိုးမင်း အိပ်ပျက်လို့ အိပ်နေထင်ပါရဲ့။ ဆရာဝန် ကိုမြင့်ဆွေကိုတောင် ဝင်ကြည့်ရဦးမယ်။ သူကတော့ ကိစ္စမရှိပါဘူးလို့ ပြောတယ်။ ကျန်းမာပါစေဗျာ” စသည်ဖြင့် အချင်းချင်း ပြောဆိုကြ၏။ ၈ နာရီထိုးသွားလေပြီ။ တံခါးမဖွင့်သေးချေ။ စောင့်သူတို့သည် တံခါးကို ခေါက်သဖြင့် ဖိုးမင်းသည် အိပ်မှုန်စုံမွှားနှင့် တံခါးကို ထဖွင့်လိုက်၏။ အလင်းရောင်သည် အိမ်တွင်းသို့ ပျံ့နှံ့သွားလေသည်။ ဆေးယူသူတို့သည် ဧည့်ခန်းသို့ရောက်အံ့သောအခါ တစ်စုံတစ်ခုသော အရာကို မြင်လိုက်ကြသည်နှင့်တစ်ပြိုင်နက် ပထမသော် အံ့အားသင့်၏။ ဒုတိယသော် ဝမ်းနည်းကြေကွဲ၏။ တတိယသော် အနီးသို့ ဖြည်းညင်းစွာ သွားကြ၏။ ကိုမြင့်ဆွေသည် အိပ်ခန်းပြင်ဘက် ပျဉ်ခင်းပေါ်တွင် လဲလျက်ရှိတော့သတည်း။ လက်နှိပ်ဓာတ်မီးကို လက်တစ်ဖက်တွင် ကိုင်ထားကာ ဖျော့တော့သောမျက်နှာမှာ တည်ငြိမ်လျက် အသက်ဝိညာဉ် ချုပ်ခဲ့ချေပြီ။ “ဖြစ်မှဖြစ်ရလေတယ် ကိုမြင့်ဆွေရယ်” ဟု ညည်းညူကာ မိုးအုံ့သကဲ့သို့သော မျက်နှာတို့ဖြင့် မှိုင်တွေငေးမောနေကြတော့၏။

လွန်ခဲ့သည့်ညက အပြင်ဘက် သွားချင်သည့်အခါ ဖိုးမင်းကို မနှိုးလိုသဖြင့် တစ်ယောက်တည်း ထသွားရာတွင် အားပြတ်၍လဲကာ ဤသို့ဝမ်းနည်းစဖွယ် ဘဝပြောင်းရခြင်း ဖြစ်သည်ဟု တွေးတောယူဆကြပြီး စုတ်တသပ်သပ်နှင့် သက်မကြီးချလျက် မျက်ရည်တဖြိုင်ဖြိုင် ကျကြလေသည်။ “ဆရာဝန်ကလေးဟာ ကျွန်မသမီးကလေးရဲ့ အသက်သခင်ပါ။ ပိုက်ဆံပေးပေမယ့်လည်း ကျွန်မတို့ဆင်းရဲလို့တဲ့ မယူရှာဘူး။ ခု ကျွန်မ ကျေးဇူးရှင်ကို ကြည့်ကြပါဦး” ဟု အသွယ်သွယ် ယိုဆင်းသော မျက်ရည်တို့ကို ဟောင်းနွမ်းလှသော အင်္ကျီလက်စနှင့် သုတ်ရင်း ပြောဆိုလိုက်သော ဟင်းရွက်သည် ဒေါ်လေး၏ ဝမ်းနည်းလှိုက်လှဲသော အသံကို ကြားရ၏။ ကပ္ပိယအဘိုးအိုဦးသာနိုးကမူ “ဇရပ်ထဲမှာ အဘိုး လေငန်းဆွဲပြီး လဲနေတာ ဒီမောင်ရင်ကလေး လာကုလို့ ခုလို သက်သာပြီး ဥပုသ်စောင့်နိုင်၊ ဘုရားဝတ်ပြုနိုင်တယ်။ အဘိုးကုသိုလ်တွေအားလုံး အမျှယူတော့ မောင်ရင် အမျှ အမျှ” ဟု တုန်ယင်သော အသံဖြင့် ပြောဆိုကာ မျက်ရည်ပြည့်ဝသော မျက်လုံးတို့ဖြင့် ကိုမြင့်ဆွေ၏ တည်ငြိမ်သော မျက်နှာကို ရှုမဝသကဲ့သို့ စူးစိုက်ကြည့်နေဘိ၏။

နောက်တစ်နေ့ညနေတွင် မတင်နွယ်သည် ပူပန်ညှိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နွမ်းသော မိဘနှစ်ပါးအကြားတွင် မျက်ရည်စက်လက် ငိုကြွေးလျက် ရောက်လာချေပြီ။ ကိုမြင့်ဆွေအဖြစ်ကို မြင်ရလျှင် "အို... ကိုကိုမြင့်" ဟုဆိုကာ အရုပ်ကြိုးပြတ်သကဲ့သို့ လဲပြိုမေ့မြောသွားတော့၏။ ဝိုင်းဝန်းကူညီပေးမကြ၍ သတိရလာ၏။ "မေမေတို့ဆီကို 'တင်'ကို ခေါ်ထားဖို့ ကိုကိုမြင့် စာရေးလိုက်တယ်ဆိုတာ ဒီအဖြစ် ဖြစ်မှာကို ကြိုတင်သိလို့ ထင်ပါရဲ့။ ဟုတ်လား ကိုကိုမြင့်။ အို... ကိုကိုမြင့်" ဟု ပင့်သက်ရှိုက်၍ သက်လုံဖိုကာ တမ်းတငိုကြွေးပြန်၏။ မတင်တင်နွယ်အတွက် ရေးလိုက်သော စာကို တွေ့ရှိရပြန်ပါ၏။

**နှမသက်လှယ် တင်တင်နွယ်**

*'ချစ်သမျှကို' ဆိုသော စကားတို့နှင့်သာ နှုတ်ခွန်းဆက်သလိုက်ပါသည်။ 'အချွေဝသုဝေ၀၊ ခုတွေးဆပြန်လှန်၊ ယနေ့လား နက်ဖြန်ဝယ်၊ ရက်မှန်မသိ။ အနိစ္စ လက္ခဏာငယ်၊ သန်ဘက်ခါ ဆုံးစမရှိ' ဆိုဘိသကဲ့သို့ မည်သည့်နေ့ရက်တွင် ဘဝတစ်ပါးပြောင်းရမည်ကိုကား အမှန်မသိတော့ပါ။ သို့ပါသော် ထိုအချိန်သည် နီးကပ်လာချေပြီဟု ထင်မိပါသည်။ သတ္တဝါမှန်သမျှ အနိစ္စချည်းမို့ သေခြင်းတရားသည် ဆန်းကြယ်သည် မဟုတ်၊ ဝမ်းနည်းစရာလည်း မဟုတ်၊ ပူဆွေးစရာလည်း မဟုတ်ပါ။ တရားယူဖွယ်သာ ဖြစ်ပါသည်။ တစ်ကြောင်းမှာ မောင်ဖားမိဘ မည်မျှပင် အုပ်ထိန်းစောင့်ရှောက်စေကာမူ မောင်နှံကြင်ရာ ကင်းမဲ့ကွာပါက မိန်းမငယ်တို့မှာ မတင့်တယ်ချေဟူသော နီတိဆရာကြီးများ၏ဆိုစကားကို စဉ်းစားတွေးရှုကာ လိုက်နာပါလေ။ ထို့ကြောင့် တည်ကြည်ဖြောင့်မတ်သူတစ်ဦး၏ ဘုန်းကံကို ခိုလှုံရစ်စေလိုပါသည်။ ကိုကိုမြင့်၏ မိဘလက်ထက်မှ ကျန်ရစ်သောပစ္စည်းများမှာ သုံးသောင်းခန့် ရှိပေလိမ့်မည်ဟု ထင်ပါသည်။ ယင်းတို့နှင့်ပတ်သက်သော စာချုပ်များမှာ ကိုကိုမြင့်သေတ္တာထဲတွင် ရှိပါသည်။ မတင်နွယ်သဘောအတိုင်း ပြုလုပ်ရန်ပင် ဖြစ်ပါသည်။*

**မောင်မြင့်ဆွေ**

စာရွက်ပေါ်သို့ တသွင်သွင် ကျဆင်းသော မတင်နွယ်၏ မျက်ရည်တို့မှာ စာလုံးကလေးများကိုပင် ပျက်ပြားစေ၏။ "ကိုကိုမြင့်... ကိုကိုမြင့်" ဟု ပါးစပ်မှ မလပ်အောင် ရွတ်ဆိုကာ တမ်းတလွမ်းဆွတ်လျက် ပူရေးပိုတော့၏။ (လောက လောက ဒုက္ခအတိ ရှိလှချေ၏တကား)။

လောကကြီးကို ငြီးငွေ့သော မတင်နွယ်သည် ဥပုသ်ရက်ရှည် စောင့်သုံးကာ ပြည်မြို့၌ မိဘများနှင့်အတူ နေထိုင်လာခဲ့သည်မှာ ၂ လခန့် ကြာခဲ့လေပြီ။ မိုးဦးကျစ လေကလေးသည် တဖြည်းဖြည်း ဆော်သွေးတိုက်ခတ်စ ပြုလေပြီ။ ပန်းသစ်ပင်ကလေးတို့မှာလည်း ဖူးတံတချို့ချို့နှင့် အကိုက်ကလေးများ တစည်စည် ရှိခဲ့ပေပြီ။ ညအခါဖြစ်၍ ကောင်းကင်ယံမှ လ ဗိမာန်သည်လည်း မိုးသားတိမ်တိုက်တို့အကြားမှ မှုန်ရီမှုန်မွှား ကမ္ဘာကို ရှုစားနေခဲ့ချေပြီ။ မတင်နွယ်စိတ်၌ အသို့ရှိတော့အံ့နည်း။ ထက်ရပ်ဝန်းကျင်ကို တစ်ခဏကြည့်ပြီး သက်ပြင်းချတော့၏။ လက်တွင် ရစ်ပတ်ထားသော ဆင်စွယ်ပုတီးကလေးကို တစ်ဖန်ကြည့်မိပြန်၏။ စာတစ်အုပ်ကိုယူ၍ 'အဝိဇ္ဇာပစ္စယာ သခါရာ...၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျ၍၊ ဘဝမြဲသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍' ဟု အားအင်ချည့်နဲ့သော အသံကလေးနှင့် ရွတ်ဆို၍မျှမဆုံးမီ 'ချစ်သမျှကို၊ မြင်းမိုရ်ရွှေတောင်လုံးသာပလေ၊ လေးဆူဒီပါ သီတာရေမြေ ဆုံးစေတော့လေ၊ အို ဘယ်မမုန်းပါတော့နိုင်၊ ကပ်လုံးပ ဆုံးတိုင်တိုင်'ဟူသော တေးသီချင်းသံသည် စောင်း၊ တယော၊ မယ်ဒလင်သံတို့နှင့် ပေါင်းယှက်ကာ လမ်းပေါ်၌ ဘာသာဘာဝ ပျော်မြူးကြသော ကာလသားတစ်စုတို့ထံမှ ထွက်ပေါ်၍ မတင်နွယ်ထံသို့ ပျံသန်းလာခဲ့ချေပြီ။ အသည်းဘဝင်ကို ဝင်ရောက်တိုက်ခိုက်ခဲ့လေပြီ။ တိုက်ဆိုင်လွန်းလှချေတကား။ ကံသည် ဆန်းကြယ်လွန်းလှချေ၏တကား။ အသည်း၌ စွဲမြဲနေသော အနာဟောင်းသည် အနာသစ်ဖြစ်ပြန်ချေပြီ။ 'ငိုချင်ရက်လက်တို့'ဖြစ်လေပြီ။ ဤသီချင်းသည် ရှေးအခါက မတင်နွယ်အား ပျော်ရွှင်စေသလောက် ယခုမှာမူ လွမ်းဆွတ်ကြေကွဲစေ၍ အပူမီးတောက်ကို ကြီးစေတော့၏။ "အို ဒါလောက်ဆိုးတဲ့ကံရယ်၊ သေမှအေးမယ်ထင်ပါရဲ့" ဟု ဆိုကာ မျက်နှာကလေးကို လက်နှစ်ဖက်ဖြင့် ငိုကြွေးတမ်းတရှာတော့သတည်း။

❖

BURMESE CLASSIC .com

www.burmeseclassic.com